## ရာထူးတိုးမြှင့်ရေးဆိုင်ရာအဆိုပြုတင်ပြလာမှုများအပေါ် စိစစ်သဘောတူညီချက်ပြန်ကြားဆောင်ရွက်ခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ (၂၂) မှ (၂၈) ထိ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ၁၄(ဂ) ၊ ၃၄(ဂ)၊ ၃၇ နှင့် ၄၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ ဌာနတွင်းအမှုထမ်း (လစာနှုန်း၊ ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀) အဆင့် နှင့် ( လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ )အဆင့်များအား ပြန်တမ်းဝင်အရာရှိ( လစာနှုန်း၊ ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ ) အဆင့် လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် ပေးပို့လာသည့် အဆိုပြုချက်များကို စနစ်တကျစိစစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့အစည်းအဝေးများတွင်တင်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများထံသို့ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက် ပြန်ကြားပေးခဲ့ပါသည်။

၂။ ၂၀ - ၃ - ၂၀၂၄ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ်(၁၂/၂၀၂၄)၌ အောက်ဖော်ပြပါ ဝန်ကြီးဌာန (၄)ခုမှ ပေးပို့လာသော ရာထူးတိုးမြှင့်ရေးအဆိုပြုချက်(၆)ခုပါ သတ်မှတ်လုပ်သက်ပြည့်မီသည့် ဝန်ထမ်း(၆၈)ဦးတို့အား တိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့ပါသည် -

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်နေ့ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် နေ့ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၁။ | **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**<br>- မြန်မာ့စာတိုက်လုပ်ငန်း | (၅)ဦး | ၃၁-၁-၂၀၂၄ | ၈-၃-၂၀၂၄ | ၁၃-၃-၂၀၂၄ | ၂၀-၃-၂၀၂၄<br>(၁၂ /၂၀၂၄) |

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြုဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံရရှိသည့်နေ့ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် နေ့ရက် | ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၂။ | **ကာကွယ်ရေးဝန်ကြီးဌာန**<br>- ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ငွေစာရင်းရုံး | (၉)ဦး | ၇-၂-၂၀၂၄ | ၈-၂-၂၀၂၄ | ၁၉-၃-၂၀၂၄ | ၂၀-၃-၂၀၂၄<br>(၁၂/၂၀၂၄) |
| ၃။ | **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**<br>(က) ဗဟိုစာရင်းအင်းအဖွဲ့ | (၂)ဦး | ၃၁-၁-၂၀၂၄ | ၅-၂-၂၀၂၄ | ၁၉-၃-၂၀၂၄ | ၂၀-၃-၂၀၂၄<br>(၁၂/၂၀၂၄) |
| | (ခ) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | (၁၅)ဦး | ၃၁-၁-၂၀၂၄ | ၆-၂-၂၀၂၄ | ၁၉-၃-၂၀၂၄ | ၂၀-၃-၂၀၂၄<br>(၁၂/၂၀၂၄) |
| | (ဂ) အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန | (၇)ဦး | ၃၁-၁-၂၀၂၄ | ၈-၂-၂၀၂၄ | ၁၉-၃-၂၀၂၄ | ၂၀-၃-၂၀၂၄<br>(၁၂/၂၀၂၄) |
| ၄။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**<br>- လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | (၃၀)ဦး | ၂၅-၁-၂၀၂၄ | ၁-၂-၂၀၂၄ | ၁၉-၃-၂၀၂၄ | ၂၀-၃-၂၀၂၄<br>(၁၂/၂၀၂၄) |